## လူကုန်ကူးခံရသူများအတွက် ရရှိနိုင်သော ဝန်ဆောင်မှုများ

DOL သည် လူဝင်မှုကြီးကြပ်ရေး အခြေအနေ မည်သို့ပင်ရှိစေကာမူ လူကုန်ကူးခံရသူများအား အမျိုးမျိုးသော ဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်း သို့မဟုတ် လူမှုအသိုင်းအဝိုင်း အဖွဲ့အစည်းများသို့ လွှဲပြောင်းပေးခြင်းဖြင့် ကူညီပေးနိုင်ပါသည်။

ရရှိနိုင်သော ဝန်ဆောင်မှုများတွင် အောက်ပါတို့ ပါဝင်ပါသည်-

- အရေးပေါ် ယာယီအိမ်ရာ
- အစားအစာနှင့် အခြားအခြေခံ လိုအပ်ချက်များ
- မပေးရသေးသော လုပ်ခလစာများ ပြန်လည်ရရှိရေး
- အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုများ သင်တန်းပေးခြင်းနှင့် အလုပ်ရှာပေးခြင်း
- လူဝင်မှုကြီးကြပ်ရေးနှင့် ဥပဒေရေးရာ အကူအညီ
- အမေရိကန် ပြည်ထောင်စုတွင် အမြဲတမ်း အခြေချနေထိုင်ခြင်းနှင့် ပတ်သက်သည့် အကူအညီ
- စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေး ဝန်ဆောင်မှုများ
- ဆွေးနွေးလမ်းညွှန်ခြင်း
- ဖက်ဒရယ်နှင့် ပြည်နယ် အစိုးရ အကျိုးခံစားခွင့်များ ရယူရာတွင် အကူအညီပေးခြင်း
- ဘာသာပြန်ဆိုခြင်းနှင့် စကားပြန်ပေးခြင်း
- လူကုန်ကူးသူအား ရာဇဝတ်မှုဆိုင်ရာ နှင့်/သို့မဟုတ် အရပ်ဘက်ဆိုင်ရာ အရေးယူခြင်း



လူကုန်ကူးမှုဟု သံသယရှိသည့် အမှုကိစ္စများကို တိုင်ကြားရန် အောက်ဖော်ပြပါ နေရာများသို့ ဆက်သွယ်ပါ-

**နယူးယောက်ပြည်နယ် အလုပ်သမားဦးစီးဌာန**
**စည်းကမ်းလိုက်နာမှုနှင့် အသိပညာပေး ဌာနခွဲ** (လူဝင်မှုကြီးကြပ်ရေး မူဝါဒများနှင့် အရေးကိစ္စများဆိုင်ရာ ဌာနဆိုင်ရာဌာနဟုလည်း လူသိများသည်)

ဖုန်း- **877-466-9757**
အီးမေးလ်- **trafficking@labor.ny.gov**
ဝက်ဘ်ဆိုက်- **www.labor.ny.gov/immigrants**

**အမျိုးသား လူကုန်ကူးမှု တားဆီးရေးအဖွဲ့**
**အရင်းအမြစ် စင်တာ**

ဖုန်း- **888-373-7888**

**နောက်ထပ် အရင်းအမြစ်များ-**

**Polaris Project**: www.polarisproject.org

***အရေးပေါ် အခြေအနေတစ်ခုကြုံရပါက 911 ကို ချက်ချင်း ဖုန်းခေါ်ဆိုပါ။***

WE ARE YOUR DOL

NEW YORK STATE | Department of Labor

@nyslabor | www.labor.ny.gov
**1-888-469-7365**

နယူးယောက်ပြည်နယ် အလုပ်သမားဦးစီးဌာနသည် အခွင့်အရေးတန်းတူညီမျှပေးသည့် အလုပ်ရှင်/အစီအစဉ်တစ်ခု ဖြစ်သည်။ မသန်စွမ်းသူများအတွက် အထောက်အကူပြု ကိရိယာများနှင့် ဝန်ဆောင်မှုများကို TTY/TDD 711 သို့မဟုတ် 1-800-662-1220 (အင်္ဂလိပ်ဘာသာစကား) / 1-877-662-4886 သို့ ဆက်သွယ်တောင်းဆိုပြီး အခမဲ့ရယူနိုင်ပါသည်။

P744 BR (02/24)







# အဓမ္မခိုင်းစေခြင်း သည် ရာဇဝတ်မှု တစ်ခုဖြစ်သည်

## လူကုန်ကူးခံရသူများအတွက် အကူအညီ

WE ARE YOUR DOL

NEW YORK STATE | Department of Labor

## အဓမ္မခိုင်းစေခြင်း ဆိုသည်မှာ အဘယ်နည်း။

"လူကုန်ကူးခြင်း" ဟုလည်း သိကြသည့် အဓမ္မခိုင်းစေခြင်းသည် ကြီးလေးသော ရာဇဝတ်မှုတစ်ခုဖြစ်သည်။ လူကုန်ကူးခံရသူများသည် ၎င်းတို့တွင် ဖြစ်ပျက်နေသည့် အရာများက တရားမဝင်ကြောင်းနှင့် အကူအညီရရှိနိုင်ကြောင်းကို သိရှိနားလည်နိုင်မည် မဟုတ်ပါ။ **လူတစ်ယောက်က အခြားသူတစ်ဦးအား ၎င်း၏ဆန္ဒနှင့်ဆန့်ကျင်သော အလုပ်ကို လုပ်ကိုင်စေရန် အင်အားသုံးသည့်အခါ၊ လိမ်လည်သည့်အခါ သို့မဟုတ် အကျပ်ကိုင်သည့်အခါ လူကုန်ကူး၍ လုပ်အားခေါင်းပုံဖြတ်ခြင်း ဖြစ်ပေါ်ပါသည်။**

**အင်အားသုံးခြင်း-** အလုပ်သမားတစ်ဦးအပေါ် သို့မဟုတ် ၎င်း၏ မိသားစုအပေါ် ကိုယ်ထိလက်ရောက် အကြမ်းဖက်ရန် ခြိမ်းခြောက်မှုများ သို့မဟုတ် အမှန်တကယ် ကိုယ်ထိလက်ရောက် အကြမ်းဖက်မှုများ။

**လိမ်လည်ခြင်း-** လူကုန်ကူးသူက ဂရင်းကတ်ပေးမည် သို့မဟုတ် ငွေပေးမည်ဟု အာမခံကတိပြုခြင်းကဲ့သို့ အမှန်တကယ်ဖြည့်ဆည်းပေးရန် ရည်ရွယ်ချက်မရှိဘဲ လိမ်ညာကတိပေးခြင်း။

**အကျပ်ကိုင်ခြင်း-** ရဲကို ဖုန်းခေါ်မည်ဟု ခြိမ်းခြောက်ခြင်းနှင့် ရာဇဝတ်မှုတစ်ခု ကျူးလွန်သည်ဟု မဟုတ်မမှန် စွပ်စွဲခြင်း သို့မဟုတ် အကြွေးဆပ်ရန် အလုပ်လုပ်ရမည်ဟု လိမ်လည်ပြောဆိုခြင်းကဲ့သို့ တစ်စုံတစ်ယောက်ကို ခြိမ်းခြောက်၍ အတင်းအကျပ် အလုပ်လုပ်ခိုင်းခြင်း။

လူကုန်ကူးသူများသည် နစ်နာသူများအား ထိန်းချုပ်ရန် **အကြောက်တရား၊ ခြိမ်းခြောက်မှု၊ နှိပ်စက်ညှဉ်းပန်းခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ချုပ်ကိုင်မှုများ**ကို ပေါင်းစပ်အသုံးပြုကြသည်။ ဥပမာ-

**စိတ်ခံစားချက် ထိခိုက်အောင် အနိုင်ကျင့်စော်ကားခြင်း-** အလုပ်သမားအား အခြားသူများရှေ့တွင် အမည်တပ်ခေါ်၍ အရှက်ခွဲခြင်း၊ အလုပ်သမားတွင် အပြစ်ရှိသလိုခံစားရအောင်လုပ်ခြင်းနှင့် ဖြစ်လာသမျှအခြေအနေတိုင်းအတွက် အလုပ်သမားကို အပြစ်တင်ခြင်း။ လူကုန်ကူးသူများသည် ၎င်းတို့ကို သာလွန်ကြောင်း ထင်မြင်စေရန် လိင်၊ အသက် သို့မဟုတ် နိုင်ငံသားဖြစ်မှုတို့အပေါ် အခြေခံ၍ ၎င်းတို့၏အထူးအခွင့်အရေးကို တစ်ပါးသူလက်ခံလာအောင် ပြောနိုင်သည်။ အပြန်အလှန်အားဖြင့် လူကုန်ကူးသူများသည် အလုပ်သမားကို ချီးမွမ်းပေးပြီး ၎င်းတို့က အလုပ်သမားကို အားကိုးနေရကြောင်းပြောခြင်း သို့မဟုတ် ကျေးဇူးတင်ခံရစေရန် ၎င်းတို့ကသာ အလုပ်သမားကို ဂရုစိုက်ပေးသူ သို့မဟုတ် အလုပ်ပေးမည့်သူဖြစ်ကြောင်းပြောခြင်း တို့လည်း ပြုလုပ်နိုင်သည်။

**သီးခြားခွဲထားခြင်းနှင့် ထိန်းချုပ်ခြင်း-** လူကုန်ကူးသူများသည် အလုပ်သမားအား အခြားမည်သူ့ကိုမျှ စကားမပြောသင့်ကြောင်း ပြောနိုင်သည်၊ အလုပ်သမားအား ဖုန်း သို့မဟုတ် ကင်မရာဖြင့် အစဉ်မပြတ်စောင့်ကြည့်နေနိုင်သည် သို့မဟုတ် လက်နက်များ ပြသပြီး ရဲများကိုပိုင်ကြောင်း ပြော၍ ခြိမ်းခြောက်နိုင်သည်။ လူကုန်ကူးသူများသည် အလုပ်သမားအား ကြိုကြားကြို ငွေပေး၍ဖြစ်စေ၊ မဖြစ်စလောက်သာ ပေး၍ဖြစ်စေ သို့မဟုတ် လုံးဝမပေးဘဲဖြစ်စေ ၎င်းတို့အပေါ် မှီခိုအားထားလာစေရန် အလုပ်သမား၏ ငွေရရှိမှုကိုလည်း ကန့်သတ်ထားနိုင်သည်။

## လူကုန်ကူးမှုဖြစ်နိုင်ခြေ အလားအလာကို ဖော်ထုတ်ခြင်း

လူကုန်ကူးမှုသည် အောက်ပါတို့အပါအဝင် လုပ်ငန်းနယ်ပယ်များစွာတွင် ဖြစ်ပွားနိုင်သည်-

- အထည်ချုပ်စက်ရုံများကဲ့သို့သော စက်ရုံများ
- လယ်ယာများ သို့မဟုတ် မြေယာရှုခင်းပြုပြင်မှု
- ဆောက်လုပ်ရေး
- ပုဂ္ဂလိကပိုင်အိမ်များ (ဥပမာ- ကလေးထိန်းများနှင့် အိမ်အကူများ)
- စားသောက်ဆိုင်များ၊ ဘားများ၊ ဟိုတယ်များ သို့မဟုတ် အခြားဝန်ဆောင်မှု လုပ်ငန်းများ
- အဖော်အချွတ် ကလပ်များ၊ လမ်းဘေး ပြည့်တန်ဆာများ၊ အမည်ခံအနှိပ်ခန်း အတုများ၊ အခကြေးငွေဖြင့် လိင်ကိစ္စဝန်ဆောင်မှုပေးခြင်း၊ ပြည့်တန်ဆာအိမ်များ စသည်တို့။

လူတစ်ဦးသည် အောက်ပါအခြေအနေများကို ကြုံတွေ့ရလျှင် သူ/သူမသည် လူကုန်ကူးခံရသူ ဖြစ်နိုင်သည်-

- လွတ်လပ်စွာ ဝင်ထွက်သွားလာ၍ မရနိုင်ခြင်း
- ၎င်းတို့၏ ကိုယ်ပိုင် သက်သေခံ စာရွက်စာတမ်း သို့မဟုတ် ငွေကြေးကို ထိန်းချုပ်ခွင့်မရှိခြင်း
- လုပ်ခလစာမရခြင်း သို့မဟုတ် မဖြစ်စလောက်သာရခြင်း
- ပုံမှန်မဟုတ်သော ရှည်ကြာသည့် အလုပ်ချိန်များဖြင့် အလုပ်လုပ်ခြင်း
- များပြားသော သို့မဟုတ် တစ်စတစ်စတိုးပွားလာသော အကြွေးများတင်ရှိခြင်း
- ပုံမှန်မဟုတ်သည့် လုံခြုံရေးတင်းကြပ်သော သို့မဟုတ် ကင်မရာများစွာဖြင့် စောင့်ကြည့်ခံနေရသော နေရာတွင် နေထိုင် သို့မဟုတ် အလုပ်လုပ်ကိုင်ခြင်း
- ပုံမှန်မဟုတ်သော စိုးရိမ်ပူပန်ခြင်း၊ ကြောက်ရွံ့ခြင်း၊ နာခံရခြင်း၊ စိတ်ဓာတ်ကျခြင်း၊ တုန်လှုပ်ခြင်း သို့မဟုတ် စိတ်ဖိစီးခြင်း
- ရှင်းမပြနိုင်သော ထိခိုက်ဒဏ်ရာများ သို့မဟုတ် ကာလရှည်ကြာနေသော သို့မဟုတ် မကုသဘဲထားသော ဖျားနာမှု သို့မဟုတ် ရောဂါလက္ခဏာများရှိခြင်း
- ကိုယ်ထိလက်ရောက် သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်စော်ကားမှု၊ ရုပ်ပိုင်းဆိုင်ရာ ကန့်သတ်ထိန်းချုပ်မှု၊ ချုပ်နှောင်မှု သို့မဟုတ် ညှဉ်းပန်းနှိပ်စက်မှု လက္ခဏာများရှိခြင်း

## လူကုန်ကူးခံရသူများကို ကူညီရာတွင် နယူးယောက်ပြည်နယ် အလုပ်သမားဦးစီးဌာန၏ အခန်းကဏ္ဍ

အလုပ်သမားဦးစီးဌာနတွင် အနည်းဆုံးလုပ်အားခ၊ အချိန်ပိုကြေး၊ မရရှိသေးသော လုပ်ခလစာနှင့် တရားမဝင် နုတ်ယူမှုများကဲ့သို့သော နယူးယောက် အလုပ်သမားဥပဒေ ချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးရန်နှင့် တိုင်ကြားမှုများကို လက်ခံဆောင်ရွက်ရန် အခွင့်အာဏာရှိသည်။ အလုပ်သမားဦးစီးဌာနမှ စုံစမ်းစစ်ဆေးသူများသည် လုပ်ငန်းများကို ဝင်ရောက်စစ်ဆေးပိုင်ခွင့်၊ အလုပ်သမားများအား တွေ့ဆုံမေးမြန်းခွင့်နှင့် လုပ်ခလစာမှတ်တမ်းများကို ပြန်လည်စစ်ဆေးပိုင်ခွင့် ရှိပါသည်။ လူကုန်ကူးမှုဖြစ်နိုင်ခြေရှိ၊ မရှိ ခွဲခြားသိရှိနိုင်စေရန် အလုပ်သမားဦးစီးဌာနမှ ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးထားပါသည်။ လူဝင်မှုကြီးကြပ်ရေး မူဝါဒများနှင့် အရေးကိစ္စများဆိုင်ရာ ဌာနခွဲသည် အောက်ပါတို့အပါအဝင် အလုပ်သမားဦးစီးဌာန၏ လူကုန်ကူးမှု တားဆီးတိုက်ဖျက်ရေး ကြိုးပမ်းမှုတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်-

- နယူးယောက်ပြည်နယ် လူကုန်ကူးမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေး အစီအစဉ်သို့ လွှဲပြောင်းပေးခြင်း
- လူကုန်ကူးမှု အပါအဝင် အချို့သော ပြင်းထန်သည့် ရာဇဝတ်မှုများ ကျူးလွန်ခံရသည့် နစ်နာသူများကို U သို့မဟုတ် T ဗီဇာအတွက် အသိအမှတ်ပြုလက်မှတ်များ ပေးခြင်း
- လူမှုအသိုင်းအဝိုင်းနှင့် စီးပွားရေးလုပ်ငန်းများတွင် အသိပညာပေး ဟောပြောတင်ပြမှုများ ပြုလုပ်ခြင်းဖြင့် အများပြည်သူ ပိုမိုဂရုပြုမိစေရန် လုပ်ဆောင်ခြင်း

ကျွန်ုပ်တို့၏ ဝန်ဆောင်မှုတစ်ခုခုကို သင်စိတ်ဝင်စားပါက လိုက်နာမှုနှင့် ပညာရေး ဌာနခွဲ (လူဝင်မှုကြီးကြပ်ရေး မူဝါဒနှင့် အမှုကိစ္စရေးရာ ဌာနခွဲဟု ယခင်ကသိကြသည်) **877-466-9757** သို့ ဖုန်းခေါ်ဆိုပါ သို့မဟုတ် **trafficking@labor.ny.gov** သို့ အီးမေးလ်ပို့ပါ

